# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 10, 2020 Volume 32, Number 8


**၁၀.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၅၀၀ |
| ဒေါ်လာဈေး | = ၁၄၀၄/- ကျပ် |
| CBM Rate | = ၁၄၀၀.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၁.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၁၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၇.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၉.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၇.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၉.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၉၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကပ်ရောဂါဒုတိယလှိုင်းထိန်းချုပ်မှုနှင့် ရင်ဆိုင်နေရသော နယ်စပ်ကုန်သွယ်ရေး




နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းမှု တင်းကျပ်ထားခြင်းကို တရုတ်အစိုးရက မေလ ၁၅ ရက်နောက်ပိုင်း ဖြေလျှော့ပေးမည်ဆိုသည့်သတင်းက နယ်စပ်ကုန်သွယ်ရေးအကျပ်အတည်းကြုံနေသည့် မြန်မာကုန်သည်များအတွက် မျှော်လင့်ချက်ဖြစ်လာသော်လည်း ထိုမျှော်လင့်ချက်မှာ ဇွန်လဆန်းတွင် ပျောက်ကွယ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း စီးပွားရေးမြို့တော် မူဆယ်တွင် COVID–19 ကူးစက်ခံရသူနောက ထပ်တစ်ဦးရှိသည်ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကြေညာချက်ထွက်ပေါ်လာပြီးနောက် မျှော်လင့်ချက်ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ “အခက်အခဲတွေ ဆက်ရှိနေမှာပေါ့လေ”ဟု မူဆယ်နယ်စပ်မြို့ရှိ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကပြောသည်။

ကမ္ဘာ့ကပ်ရောဂါ COVID– 19 သည် တရုတ်နိုင်ငံမှစတင်ခဲ့သော်လည်း လက်ရှိအချိန်တွင် တရုတ်အစိုးရက ရောဂါထိန်းချုပ်နိုင်လာသည်။ ထို့ကြောင့် ကပ်ရောဂါဒုတိယလှိုင်း ပြည်ပမှဝင်လာမည်ကို တရုတ်အစိုးရကစိုးရိမ်ပြီး ထိန်းချုပ်မှုများ တင်းကျပ်စွာပြုလုပ်နေခြင်းဖြစ်သည်။ တရုတ်အစိုးရ၏ တစ်ဖက်သတ်ဆန်သော ရောဂါထိန်းချုပ်ရေးအစီအစဉ်များကြောင့် မြန်မာပို့ကုန်လုပ်ငန်းများထိခိုက်ရပြီး ကုန်သွယ်မှုလည်း လျော့နည်းသွားသည်။ “နယ်စပ်အကျပ်အတည်းက မြန်မာအတွက် အခက်အခဲပဲ” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ မေလ ၁၅ ရက်အထိ တရုတ်နိုင်ငံသို့ မြန်မာပို့ကုန်ပမာဏပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့် လျော့ကျသွားသည်။ ပို့ကုန်လျော့ရသည့် အဓိကအကြောင်းရင်းမှာ တရုတ်၏ကပ်ရောဂါဒုတိယလှိုင်းတားဆီးရေး အစီအစဉ်ကြောင့်ဟု မူဆယ်မြို့နေကုန်သည်များက သုံးသပ်

သည်။

မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၁,၉၃၀ (မိုင် ၁,၂၀၀ ခန့်) နယ်စပ်ချင်းထိစပ်နေသော တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယစီးပွားရေး အင်အားအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံဖြစ်သော်လည်း တစ်ဖက်သတ်ဆန်သည့် နယ်စပ်ကုန်သွယ်ရေးမူဝါဒကို ကျင့်သုံးလေ့ရှိသည်ဟု ၎င်းတို့ကပြောသည်။ ၁၉၈၈ နောက်ပိုင်းစတင်ဖွင့်လှစ်ခဲ့သည့် မြန်မာ-တရုတ်နယ် စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် ဆယ်စုနှစ်သုံးခုကျော် ကြာမြင့်ချိန်တွင် အရှိန်အဟုန်ကောင်းခဲ့သည်။ မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုမှာပင် တစ်ရက်လျှင် ကုန်တင်ယာဉ်ကြီးများအစီး ၅၀၀ မှ ၁,၀၀၀ အကြား နှစ်နိုင်ငံနယ်ခြား ကို ဖြတ်သန်းပြီးကုန်သွယ်ခဲ့သည်။ ကုန်သွယ်မှုတန်ဖိုးက တစ်ရက်လျှင် ဒေါ်လာ ၁၅ သန်းခန့်ရှိနေသည်။

မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်၌ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းမှုဖြင့် ၁၉၉၀ နောက်ပိုင်းတွင် ကုန်သွယ်ရေး စခန်းလေးခုကို ဖွင့်လှစ်ထားသည်။ လွယ်ဂျယ်၊ ကန်ပိုက်တီ၊ ချင်းရွှေဟော်၊ မူဆယ်စသော မြို့များတွင်ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေး စခန်းလေးခုတွင် မူဆယ်၊ ရွှေလီနယ်စပ်ကုန် သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှု အများဆုံးဖြစ်ပြီး ၈၀ ရာ ခိုင်နှုန်းကျော် ကုန်သွယ်နေသည်။ ထိုအခြေအနေက မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါရောက်ရှိလာချိန်၌ အပြောင်းအလဲကို စတင်ကြုံလာရသည်။ ယူနန်အစိုးရက မြန်မာနိုင်ငံအရပ်ရပ်မှရောက်ရှိလာသော ကုန်တင်ယာဉ်မောင်းများကို တရုတ်နိုင်ငံအတွင်းသို့ အဝင်မခံတော့ပေ။ တရုတ်အစိုးရက ကျန်းမာရေး အစစ်ဆေးခံထားသူ တရုတ်လူမျိုးများကိုသာ မြန်မာကုန်ကားများ ပြောင်းလဲမောင်းနှင်စေပြီး ယူနန်ပြည်နယ်ရွှေလီမြို့သို့ ဝင်ရသည့်စနစ်ကို ပြောင်းလဲလိုက်သည်။ မြန်မာမှ တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့ရန် တစ်ရက်လျှင် ကားအစီးရေ ၅၀၀ ကျော်ရှိခြင်းကြောင့် မူဆယ်မြို့ လမ်းမကြီးများ ပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နေသည်မှာ နှစ်လခန့်ရှိလာပြီဖြစ်သည်။ "အခုအခြေအနေက အတော်ကိုဆိုးတယ်။ ကျွန်တော်တို့လည်း လုပ်ရကိုင်ရအတော်ခက်ခဲတယ်"ဟု မူဆယ်မြို့မှ ကုန်သည်ဦးနိုင်ဝင်းကပြောသည်။ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံကို ကုန်ပစ္စည်းတင်ပို့မည်ဆိုလျှင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ အချိန်လေးရက်ခန့်ကြာမြင့်သည်။ ထိုမှထွက်ခွာနိုင်မည်ဆိုပါက ၈ မိုင်ခန့်ဝေးသော ယူနန်ပြည်နယ် ကျယ်ဂေါင်သို့ သီတင်းတစ်ပတ်မှ ၁၀ ရက်အကြားအချိန်ယူရသည်။
ထိုကဲ့သို့ အချိန်ကြာမြင့်မှုကြောင့် မန္တလေးမှကျယ်ဂေါင်အထိ ကုန်စည်ပို့ဆောင်ခသည် ၂၂ ဘီးတွဲကားတစ်စီးလျှင် ကျပ် ၂၇ သိန်းမှ ၂၉ သိန်းကြားပေးရသည်ဟု ဦးနိုင်ဝင်းကပြောသည်။ ယခင်ကအမြင့်ဆုံးကျပ် ၂၃ သိန်းသာ ရှိခဲ့သည်ဟု ၎င်းကထပ်မံရှင်းပြသည်။ "လမ်းမှာပဲကြာနေတော့ ကားစက်နှိုးလို့ကုန်ကျတဲ့ဆီဖိုးတွေ၊ ထမင်းစရိတ်တွေနဲ့ဆိုတော့ ကားခတက်ယူရတယ်"ဟု မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကဆိုသည်။

လက်ရှိအချိန်တွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးက ကားပိတ်ဆို့မှုကြောင့် အချိန်ကြာမြင့်သည့် အခက်အခဲတစ်ခုအပြင် ကုန်သွယ်ရေးမူဝါဒအချို့ အပြောင်းအလဲကြောင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များ အခက်ကြုံရမှုများရှိနေသည်။ ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းတွင် မြန်မာနိုင်ငံမှတင်ပို့လိုက်သည့် ဆန်အိတ်ရေတစ်သိန်းနှစ်သောင်းသည် ကျယ်ဂေါင်ရှိဂိုဒေါင်ထဲမှ ထုတ်မရသေးပေ။ တရုတ်အစိုးရတာဝန်ရှိသူများ၏ အကြောင်းပြချက်က ပြည်ထောင်စုအဆင့်မှ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်မပါခြင်းကြောင့် ထုတ်ယူခွင့်မပေးခြင်းဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။ "တရုတ်ကအခုနောက်ပိုင်းမှာ တစ်မျိုးပြီးတစ်မျိုးကျပ်လာတယ်။ အရင်လိုလုပ်လို့ကိုင်လို့မကောင်းတော့ဘူး"ဟု ဦးမင်းသိန်းက ပြောသည်။

မြန်မာကုန်သည်များအတွက် တရုတ်နိုင်ငံအပေါ် စီးပွားရေးအရ ဆက်ဆံရမှုခက်ခဲနေချိန်တွင် ရပ်ဝန်းတစ်ခုလမ်းကြောင်း တစ်ခုကို ဆက်လက်အကောင်အထည်ဖော်ရန် တရုတ်သမ္မတကလိုလားနေသည်။ မြန်မာနိုင်ငံနှင့် လက်တွဲပြီး ဆက်လက်အကောင်အထည်ဖော်ရန် သမ္မတဦးဝင်းမြင့်ထံ တရုတ်သမ္မတကဆက်သွယ်ဆွေးနွေးခဲ့သည်။ တရုတ်အစိုးရက ယူနန်ပြည်နယ်ထွက်ပေါက်အဖြစ် မြန်မာနိုင်ငံကို အသုံးချရန်လိုလားနေသည်။ လူဦးရေသန်း ၅၀ ကျော်ရှိသော ယူနန်ပြည်နယ်အတွက် ပင်လယ်ထွက်ပေါက်လမ်းကြောင်းတစ်ခုအဖြစ် ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ကားလမ်းအတွက်လည်း စီမံကိန်းများ တရုတ်အစိုးရက ချမှတ်ထားသည်။ လက်ရှိယာဉ်ကြော ပိတ်ဆို့မှုကြုံနေရသော မူဆယ်မြို့သည် ယူနန်ပြည်နယ်၏ ပင်လယ်ထွက်ပေါက် လမ်းကြောင်းပေါ်တွင်ရှိနေသည်။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဖြင့် နယ်စပ်စီးပွားရေးဇုန်တစ်ခုကို မူဆယ်မြို့တွင်

ထူထောင်ရန် ညှိနှိုင်းဆောင်ရွက်နေသည်။

တရုတ်အစိုးရ၏ စီးပွားရေး စီမံကိန်းကြီးတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသော မူဆယ်မြို့သည်လက်ရှိတွင် ကုန်တင်ယာဉ်များပိတ်ဆို့မှုဖြင့် အခက်အခဲကြုံနေရဆဲဖြစ်သည်။ ''အခုကားကျပ်တဲ့အခြေအနေတွေက ကုန်သည်တွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေလုပ်မရဘူး။ အစိုးရချင်းညှိမှရမှာ'' ဟု မူဆယ်မြို့မှကုန်သည် ဦးလှမောင်ကပြောသည်။ မူဆယ်နယ်စပ်တွင် ကုန်တင်ယာဉ်များပိတ်ဆို့ပြီး ကုန်သွယ်ရေးအခက်အခဲကြုံနေရသည့်အခြေအနေကို တရုတ်အစိုးရထံတင်ပြပြီး ညှိနှိုင်းဆောင်ရွက်နေကြောင်း စီးပွားကူးသန်း ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ယင်းအခြေအနေနှင့် ပတ်သက်၍ ဦးခင်မောင်လွင်က ''အောက်ခြေမှာလည်းညှိနေပါတယ်။ ဟိုဘက်က ရွှေလီမြို့တော်ဝန် ကိုယ်စားလှယ်အဖွဲ့တွေနဲ့ မြန်မာဘက်က အထွေထွေအုပ်ချုပ်ရေး၊ စီးကူး၊ အကောက်ခွန်တို့နဲ့ညှိကြပါတယ်။ ပြီးတော့သံတမန်နည်းလမ်းအရလည်း ဆက်သွယ်ညှိနှိုင်းနေပါတယ်''ဟု ရှင်းပြသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှုတိုးတက်ရေးအတွက် မေလ ၂၁ ရက်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်နှင့် စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့ ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ နယ်စပ်ဂိတ်များတွင် ပိတ်ဆို့မှုများကြောင့် ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်နေခြင်း၊ ဆန်၊ ပဲ၊ ပြောင်း၊ ကျွဲ၊ နွား တင်ပို့မှုများ အခက်အခဲကြုံနေရခြင်းကို ဖြေရှင်းဆောင်ရွက်ပြီး ကုန်သွယ်မှုချောမွေ့ရေး လုပ်ဆောင်လို ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောခဲ့သည်။ ထို့ကြောင့် မြန်မာ-တရုတ်နယ်စပ် မူဆယ်တွင်ကြုံနေရသည့် အခြေအနေကိုဖြေရှင်းနိုင်ရန် ယူနန်ပြည်နယ် အစိုးရက အဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး လေ့လာဆောင်ရွက်မည်ဟု တရုတ်နိုင်ငံဘက်မှတုံ့ပြန်ခဲ့သည်။ သို့သော် COVID-19 ရောဂါထိန်းချုပ်ရေးနှင့် စီးပွားရေးတိုးတက်မှုကို တရုတ်အစိုးရက လွန်ဆွဲနေသည့် အခြေအနေတစ်ခုရှိနေကြောင်း ဦးနိုင်ဝင်းကပြော သည်။

တရုတ်နိုင်ငံရှိမြို့များတွင် ဒုတိယအကြိမ် COVID-19 ရောဂါပျံ့နှံ့လာမည်ဆိုပါက သက်ဆိုင်ရာမြို့တော်ဝန်အပါအဝင် ပါတီဗဟိုအဖွဲ့ခေါင်းဆောင်များ အရေးယူထောင်ချခံရမည့်အခြေအနေမျိုးရှိနေသည်။ ထို့ကြောင့် စီးပွားရေးတိုးတက်မှုကို တစ်ဖက်က လိုလားသော်လည်း အခြားတစ်ဖက်တွင် ကပ်ရောဂါနှင့်အပြိုင် စွန့်စားရမည့်အခြေအနေကတရုတ်အာဏာပိုင်များအတွက် စိန်ခေါ်မှုကြီးဖြစ်နေသည်။ ထိုအချိန်တွင်မူဆယ်မြို့၌ ဒုတိယအကြိမ်ပိုးကူးစက်ခံရခြင်း သတင်းပေါ်ထွက်လာခြင်းကြောင့် ''ကျွန်တော်တို့ မျှော်လင့်မှုကို နောက်ဆုတ်ရမှာပေါ့ဗျာ'' ဟု ဦးစိုင်းခင်မောင်ကဆိုသည်။

**Source:** https://7day.news/detail?id=188410

## ကပ်ရောဂါကြောင့် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း ၂၅ နှစ်အတွင်း အနိမ့်ဆုံးဖြစ်မည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

COVID-19 ကြောင့် ၂၀၂၀ သည် ဒုတိယကမ္ဘာစစ်ပြီးနောက် အကြီးမားဆုံး ကမ္ဘာ့စီးပွားရေးပျက်ကပ်ကို ကြုံတွေ့ရမည်ဖြစ်ပြီး မြန်မာနိုင်ငံလည်း စီးပွားရေးတိုးတက်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိမည်ဟု ကမ္ဘာ့ဘဏ်ကထုတ်ပြန်သော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမျှော်လင့်ချက်ဟူသော အစီရင်ခံစာတွင်ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်ကခန့်မှန်းထားသည့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၅ နှစ်အတွင်း အနိမ့်ဆုံးတိုးတက်နှုန်းတစ်ခုဖြစ်လာသည်။ သို့သော်မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၀၂၀ နှစ်ကုန်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံပြီးလျှင် ဒုတိယမြောက် စီးပွားရေးတိုးမှု အမြင့်ဆုံးနိုင်ငံအဖြစ်တည်ရှိသည်။ ၂၀၂၁ တွင် မြန်မာ့စီးပွားရေးတိုးတက်နှုန်းသည် ၆ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

COVID-19 ကြောင့် တစ်ကမ္ဘာလုံးတွင် စီးပွားရေးကျဆင်းမှုသည် ၅ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး မြန်မာပါဝင်သည့် အာရှ-ပစိဖိတ်ဒေသတွင် စီးပွားရေးတိုးတက်နှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိမည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ တရုတ်နိုင်ငံသည် ၂၀၂၀ တွင် စီးပွားရေးတိုးတက်နှုန်းသည် ၁ ရာခိုင်နှုန်းရှိပြီး၊ ၂၀၂၁ တွင် ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်မည်ဟုဆိုသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံက စီးပွားရေးကျဆင်းမည်ဖြစ်ပြီး ၂၀၂၀ တွင် ၅ ရာခိုင်နှုန်းလျော့ကျမည်ဟုဆိုသည်။ ၂၀၂၁တွင် ၄ ဒသမ ၁ ရာခိုင်နှုန်း ပြန်မြင့်တက်မည်ဟုဆိုသည်။ ဗီယက်နမ်နိုင်ငံသည် စီးပွားရေးတိုးတက်နှုန်းသည် ၂၀၂၀ တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၂၁ တွင် ၆ ဒသမ ၈ ရာခိုင် နှုန်းရှိမည်ဟုဆိုသည်။

ကမ္ဘာ့ဘဏ်က အဆိုပါအစီရင်ခံစာကို နိုင်ငံပေါင်း ၁၈၃ နိုင်ငံကို ၁၈၇၀ မှ ၂၀၂၁ အထိ စီးပွားရေးဆိုင်ရာအလားအလာ

များနှင့် စီးပွားရေးပျက်ကပ်များကို လေ့လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယခုကပ်ရောဂါသည် ကမ္ဘာကြီး၏ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ငွေကြေးဈေးကွက်များ၏ ကုန်စည်ထောက်ပံ့လည်ပတ်မှုအားလုံးကို ထိခိုက်ခဲ့သည်ဟုဆိုသည်။

**Source:** https://7day.news/detail?id=188491

## မူဆယ်နယ်စပ်တွင် အစားထိုးယာဉ်မောင်းများတိုးချပေးရန် တရုတ်အစိုးရထံတောင်းဆို



မူဆယ်နယ်စပ်ကုန်သွယ်ရေး အကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အစားထိုးယာဉ်မောင်းဦးရေ တိုးမြှင့်ချထားပေးရေးကို တရုတ်အစိုးရထံ တောင်းဆိုထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားကူးသန်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ဇွန်လ ၈ ရက်တွင် ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် လက်ရှိကြုံနေရသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေး အကျပ်အတည်းကိုဖြေရှင်းရန် တရုတ်နိုင်ငံမှ ကျန်းမာရေးစစ်ဆေးပြီး အသိအမှတ်ပြုထားသော အစားထိုးယာဉ်မောင်း ၂၀ မှ ၃၀ အထိ ထပ်မံတိုးမြှင့်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။ "ကျင်စန်း ကျော့ဂိတ်ဘက်အတွက် ယာဉ်မောင်းတိုးပေးဖို့ တောင်းဆိုတာပါ" ဟု ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိ ကျင်စန်းကျော့ နယ်စပ်ဂိတ်တွင် အစားထိုးကုန်တင်ယာဉ်မောင်း ၂၀ ရှိပြီး၊ နယ်စပ်ဂိတ်နှင့်ပစ္စည်းချသည့်ဝင်းသို့ နှစ်မိုင်ကျော်၊ သုံးမိုင်ခန့် ခရီးကွာဝေးသဖြင့် အစားထိုးယာဉ်မောင်းများ ထပ်မံချထားပေးရန် တောင်းဆိုခြင်းဖြစ်သည်။ လက်ရှိ မူဆယ်မြို့တွင်းမှ ဖြတ်သန်းသွားသည့် မန့်ဝိန်းဂိတ်တွင် အစားထိုးယာဉ် မောင်း ၅၀ ခန့်ရှိသည်။ COVID-19 ကပ်ရောဂါ ထိန်းချုပ်မှုအဖြစ် တရုတ်အစိုးရက မူဆယ်နယ်စပ်တွင် အစားထိုးယာဉ်မောင်းစနစ်ကို ဧပြီလအတွင်း စတင်အကောင်အထည်ဖော်ခဲ့သည်။ သို့သော် ယာဉ်မောင်းဦးရေနည်းပါးခြင်းကြောင့် နယ်စပ်တွင် ကုန်တင်ယာဉ်များပိတ်ဆို့ပြီး မြန်မာပို့ကုန်များလျော့ကျခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှ စိုက်ပျိုးထုတ်လုပ်သည့် ပြောင်းဖူးစေ့များကို ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချနိုင်ရေး၊ ဝဥ၊ လျှော်ဖြူ ထောပတ်သီးစသောပို့ကုန်အမည်သစ်များ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် စိစစ်မှုများဖြေလျှော့ပေးစေရေး၊ နှစ်နိုင်ငံ နယ်စပ်ထွက်ကုန်များ အပြန်အလှန်လဲလှယ်ဆောင်ရွက်ရန် နှစ်နိုင်ငံနယ်စပ်ကုန်စည်ပြပွဲများ အပြန်အလှန်ကျင်းပရေးတို့ကို ဆွေးနွေးခဲ့ကြောင်း စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီးက လူမှုကွန်ရက်တွင် ရေးသားအသိပေးထားသည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကလည်း တရုတ်နိုင်ငံမှယာဉ်မောင်းများ ကျန်းမာရေးထောက်ခံချက်ပြသနိုင်ပါက မြန်မာနိုင်ငံအတွင်း ဝင်ခွင့်ပြုရေး၊ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် မူဆယ်-မန္တလေးရထားလမ်း အမြန်ဆုံးအကောင်အထည်ဖော်ရေး၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးတို့ကိုဆွေးနွေးခဲ့သည်။

**Source:** https://7day.news/detail?id=188494

## ပြည်ပသို့အလုပ်သမားစေလွှတ်မှု ၂၀၂၁ နှစ်ဆန်းမှ ပုံမှန်ပြန်ရောက်နိုင်မည်ဟုခန့်မှန်း

COVID-19 ရောဂါရိုက်ခတ်မှုကြောင့် ပြည်ပသို့ အလုပ်သမားစေလွှတ်မှုအခြေအနေမှာ လာမည့်နှစ်ဆန်းမှ ပုံမှန်ပြန် ရောက်နိုင်မည်ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလုပ်ငန်းရှင်အချို့က ခန့်မှန်းထားသည်။ လက်ရှိတွင် ကမ္ဘာ့ကပ်ရောဂါ COVID-19 အန္တရာယ်ကြောင့် ပြည်သို့သို့အလုပ်သမား စေလွှတ်ခွင့်ကို ရက်အကန့်အသတ်မရှိရပ်နားထားသည်။ "စေလွှတ်ခွင့် ရလည်း အိပ့် အိပ့်နဲ့ပဲသွားမယ်ထင်တယ်။ အချိန်အကြာကြီးရောဂါရဲ့ရိုက်ခတ်မှုဒဏ်ခံခဲ့ရတော့ တစ်ဖက်နိုင်ငံက အလုပ်ရှင် တွေကလည်း စီးပွားရေးကျနေတယ်။ တကယ်လို့ခေါ်မယ်ဆိုလည်း အရင်ကဆယ်ယောက်ခေါ်မယ် ပြောထားတဲ့သူက ငါးယောက်လောက်ပဲအရင်လွှတ်ပါ။ ကျန်တာနောက်မှထပ်ခေါ်မယ်ဆိုတာမျိုးဖြစ်လာနိုင်တယ်"ဟု ရွှေမန္တလေး ပြည်ပအလုပ်

အကိုင်ရှာဖွေရေ းအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွဋ်ဦးကပြောသည်။

ပြည်ပသို့ အလုပ်သမားစေလွှတ်ခြင်းကို မတ်လလယ်ပိုင်းကစ၍ရပ်ဆိုင်းခဲ့ပြီး ယင်းမတိုင်မီက အလုပ်ခေါ်စာ ကျထားပြီး သွားရောက်လုပ်ကိုင်ရန် အဆင်သင့်ရှိနေသည့် အလုပ်သမားဦးရေ သောင်းနှင့်ချီရှိကြောင်း အေဂျင်စီလုပ်ငန်းရှင်အချို့က ဆိုသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခွင့်ပြန်လည်ခွင့်ပြုပါက ယင်းအလုပ်သမားများမှာ ဦးစားပေးအနေဖြင့် သွားရောက် လုပ်ကိုင်နိုင်မည့်အခြေအနေရှိပြီး အလုပ်သမားအသစ်များအတွက် အလုပ်ခေါ်စာထပ်မံရရှိရန် အချိန် စောင့်ဆိုင်းရဖွယ်ရှိနေသည်ဟု ၎င်းတို့ကပြောသည်။ ''ကျွန်တော်ဆိုရင် မလေးရှားကို လွှတ်ဖို့အလုပ်သမား ၂၀၀ လောက်ရှိတယ်။ အားလုံးလည်းထွက်ဖို့ အဆင်သင့်ဖြစ်နေပြီးမှ ကောက်ပိတ်လိုက်တော့ အကုန်ဒုက္ခရောက်ကုန်တယ်။ ဒီအချိန် ပြန်ဖွင့်ရင်တောင် အဲဒီအလုပ်သမား အကုန်ပြန်ဆက်သွယ်နိုင်ဖို့ကမလွယ်ဘူး''ဟု ပြည်ပအလုပ်အကိုင် အေဂျင်စီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်ပသို့ အလုပ်သမားစေလွှတ်ရန်မှာ မိမိနိုင်ငံတစ်ခုတည်း သဘောနှင့်မရဘဲ သက်ဆိုင်ရာနိုင်ငံများတွင် ရောဂါ ထိန်းချုပ်နိုင်မှုနှင့် အလုပ်သမားလက်ခံနိုင်မှုတို့အပေါ်တွင်လည်းမူတည်နေ၍ မည်သည့်အချိန်ခွင့်ပြုပေးနိုင်မည် ကို မပြောနိုင်သေးကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က သတင်းမီဒီယာများကိုပြောကြားထားသည်။ လက်ရှိတွင် မြန်မာအလုပ်သမားများ အများဆုံးသွားရောက် လုပ်ကိုင်နေသည့် ထိုင်းနှင့်မလေးရှားနိုင်ငံတို့ရှိ စက်ရုံအချို့မှာ အော်ဒါလျော့နည်းခြင်းနှင့် စီးပွားရေးအဆင်မပြေခြင်းတို့ကြောင့် ပိတ်သိမ်းမှုများရှိနေသည်။

**Source:** https://7day.news/detail?id=188495

## ၂၀၁၉ ခုနှစ်အတွင်း စပါးဝယ်ယူခြင်း၊ ဆန်စပါးပြန်လည်ပေးသွင်းခြင်းသဘောတူစာချုပ်ဖြင့် တင်ဒါအောင်မြင်သူများ စာချုပ်ပါအချက်များလိုက်နာမှသာ လာမည့်မိုးစပါးအခြေခံဈေးနှုန်း သတ်မှတ်နိုင်မည်ဖြစ်ပြီး စာချုပ်ဖောက်ဖျက်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဟု ဒုတိယဝန်ကြီးပြောကြား



၂၀၁၉ ခုနှစ်အတွင်း စပါးဝယ်ယူခြင်း၊ ဆန်စပါးပြန်လည်ပေးသွင်းခြင်း သဘောတူစာချုပ်ဖြင့် တင်ဒါအောင်မြင်သူများ စာချုပ်ပါအချက်များအတိုင်း လိုက်နာမှသာ လာမည့်မိုးစပါးအခြေခံဈေးနှုန်း သတ်မှတ်နိုင်မည်ဖြစ်ပြီး စာချုပ်ဖောက်ဖျက်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

ဇွန် ၈ ရက်က ပြုလုပ်သည့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆန်စပါးဝယ်ယူပေးနိုင်သော ကုန်သည်များကို တင်ဒါစနစ်ဖြင့် ၂၀၁၉ ခုနှစ်ထွက် စပါးဝယ်ယူခြင်း ဆန်စပါးပြန်လည်ပေးသွင်းခြင်း ဆိုင်ရာသဘောတူညီချက်များကို ချုပ်ဆိုပြီး တင်ဒါအောင်မြင်သူများအနေဖြင့် သဘောတူစာချုပ်ပါ အချက်များကို လိုက်နာစေလိုကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

ယခုနှစ်ဆောင်ရွက်သော လုပ်ငန်းစဉ်အောင်မြင်မှုရရှိမှသာ လာမည်နှစ်အတွင်း မိုးစပါးအခြေခံဈေးနှုန်းသတ်မှတ်၍ တောင်သူများထံဝယ်ယူပေးနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။ စာချုပ်ဖောက်ဖျက်မိပါက ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခက်အခဲများရှိလျှင်လည်း တင်ပြပေးရန်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ အခြေခံစပါးဈေးနှုန်းသတ်မှတ်ရန် မကြာခဏအစည်းအဝေးခေါ်ယူပြီး စီးပွားရေးကော်မတီသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် အခြေခံဈေးနှုန်းဖြင့် စမ်းသပ်ဝယ်ယူခဲ့မှုအပေါ် ပြန်လည်သုံးသပ်ပြီး အခြေခံဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဝယ်ယူနိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် မိုးစပါးနှင့် ၂၀၂၀

ခုနှစ် နှေစပါးကို အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် တင်းတစ်ရာလျှင် ကျပ်ငါးသိန်းအဖြစ် သတ်မှတ်ဝယ်ယူရမည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်က ထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။ အခြေခံစပါးဈေးနှုန်း သတ်မှတ်ရာတွင် စပါးအစိုဓာတ် ၁၄ ရာခိုင်နှုန်းနှင့် အဖျင်းအမှော်၊ ဖုန်၊ ခဲ၊ သဲ ကင်းစင်သည့် တစ်တင်း ၄၆ ပေါင်ရှိသော စပါးတင်းတစ်ရာကို ဆိုလိုသည်။

ဈေးကွက်အတွင်း အခြေခံဈေးနှုန်း ကျပ်ငါးသိန်းအထက်ရှိနေပါက ဈေးကွက်ပေါက်ဈေးနှုန်းအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးနှုန်းသည် အခြေခံဈေးနှုန်းကျပ်ငါးသိန်းအောက်ကျဆင်းခဲ့ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည် ဖြစ်သည်။ သတ်မှတ်ထားသော အခြေခံစပါးဈေး နှုန်းအောက်ကျဆင်းပါက နိုင်ငံတော်မှဝယ်ယူနိုင်ရန် ရန်ပုံငွေအဖြစ် ကျပ် ၁၅ ဘီလျံလျာထားခဲ့သည်။ တောင်သူလယ်သမားအကျိုးစီးပွားမြင့်တင်ရေးဥပဒေအရ အဆိုပါစပါးဝယ်ယူဆောင်ရွက်ခြင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများမှ စီမံဆောင်ရွက်မည်ဖြစ်ပြီး စပါးဝယ်ယူပေးရန်လိုအပ်သော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်သို့ တင်ပြဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီးအတွက် ကျပ်ရှစ်ဘီလျံနှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ကျပ်ငါးဘီလျံလျာထားပြီး ရန်ကုန်တိုင်းဒေသကြီးတွင်ဝယ်ယူရန် အနည်းအငယ်သာလိုအပ်ခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ရှိ Sule Shangri-la Hotel ၌ ပြုလုပ်သည့် “Doing Business 2020 and Way Forward” အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားခဲ့သည်။

Source: https://news-eleven.com/article/177717

## ပြည်ပအဝယ်နည်းနေသဖြင့် မကွေးတိုင်းထွက် နှမ်းမျိုးစုံဈေး ကျဆင်းနေ




ပြည်ပနိုင်ငံများက ဝယ်ယူမှုနည်းနေသဖြင့် မကွေးတိုင်းဒေသကြီးက ထွက်ရှိသည့် နှမ်းမျိုးစုံဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီးက နှမ်းမျိုးစုံစိုက်ပျိုးမှုများပြားပြီး တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့ အဓိက တင်ပို့နေသည်။ လက်ရှိတွင် တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများကြောင့် နှမ်းဝယ်ယူမှု နည်းနေခြင်းဖြစ်ကြောင်းသိရသည်။

နှမ်းတင်ပို့သည့် မြင့်မြတ်တော်ဝင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်အောင်က “အဓိကကတော့ ဝယ်လိုအားတွေနည်းသွားတာပါ။ ကိုဗစ်ကြောင့် တစ်ကမ္ဘာလုံးက စီးပွားရေးတွေကျတယ်။ ဝယ်လိုအားတွေ ကျတယ်။ ကျွန်တော်တို့ နှမ်းက အခုလိုရာသီချိန်မှာ တရုတ်ထွက်ပေါက်ပဲရှိတာ။ တရုတ်ထွက်ပေါက်ကလည်း တရုတ်ပြည်မှာလည်း စီးပွားရေးတွေကကျတော့ ဝယ်လိုအားကနည်းတယ်။ ကိုဗစ်ကြောင့်လည်း နယ်စပ်ပေါက်တွေမှာ ပိတ်ထားတယ်။ ဖွင့်ထားတယ်ဆိုရင်လည်း တော်တော်စိစစ်တော့ သွားရေးလာရေးတွေ ကြန့်ကြာတယ်”ဟုပြောသည်။

ပြည်ပသို့တင်ပို့သည့် စမုန်နှမ်းနက်နှင့် နှမ်းဖြူများအပြင် ပြည်တွင်းရောင်းဝယ်သည့် နှမ်းအနီနှင့်ဝွနက်နှမ်းများမှာလည်း ဈေးကျနေခြင်းဖြစ်ကြောင်း၊ နှမ်းအမျိုးအစားအလိုက် တစ်တင်းလျှင် ကျပ်တစ်သောင်းမှသုံးသောင်းခန့်အထိ ဈေးကျ သွားကြောင်း မကွေးမြို့ရှိ နှမ်းကုန်သည်များထံမှသိရသည်။ ယခုနှစ် ဇန်နဝါရီလက စမုန်နက်နှမ်း သုံးတင်းလျှင် ကျပ် ၂၆၀၀၀၀ မှ ၃၀၀၀၀၀ အထိရှိခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသည့်ကာလအတွင်း တဖြည်းဖြည်းဈေးကျလာခဲ့ရာ လက်ရှိတွင် စမုန်နက်နှမ်း သုံးတင်းလျှင်ကျပ် ၁၉၅၀၀၀ သို့ ကျဆင်းသွားကြောင်း၊နှမ်းဖြူမှာလည်း ယခင်က သုံးတင်းလျှင် ကျပ် ၁၃၆၀၀၀ ခန့်မှ ယခုလက်ရှိတွင် ကျပ် ၁၂၆၀၀၀ ဝန်းကျင်သာ ရှိတော့ကြောင်းသိရသည်။

မကွေးကုန်သည်ကြီးများအသင်း နေ့စဉ်ဈေးကွက်ပြန်ကြားရေးမှူး ဦးကျော်ထွန်းက “နှမ်းအဖြူတို့၊ နှမ်းအနီတို့ဈေးက အေးတော့အေးတယ်။ စမုန်နက်နှမ်းလောက် အတက်အကျမများဘူး။ စမုန်နက်နှမ်းလောက် ကျတဲ့ရာခိုင်နှုန်းမများဘူး။ နှမ်းအနီဆိုလည်း တစ်တင်း ကျပ် ၇၀၀၀၊ ၈၀၀၀ လောက်အထိကျတယ်။ အရင်နှစ်တွေက အဲဒီလောက်အထိကျတာမရှိဘူး။ အခုက တစ်ကမ္ဘာလုံးဖြစ်နေတဲ့ကိစ္စဆိုတော့ အရောင်းအဝယ်တွေကအေးနေတယ်”ဟုပြောသည်။ မကွေးတိုင်း ဒေသကြီးက ထွက်ရှိသောနှမ်းများကို ပြည်ပပို့ရန် မန္တလေးမြို့သို့ တင်ပို့ရောင်းချသည့်အပြင် ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများကိုလည်း

ရောင်းချကြသည်။ အချို့ကုန်သည်များမှာ ဧပြီလသင်္ကြန်အပြီး နှမ်းဈေးအနည်းငယ်တက်လာချိန်ရောင်းချကြသဖြင့် အရှုံးသက်သာကြသော်လည်း ကုန်သည်အချို့မှာ ဝယ်ယူသိုလှောင်ထားသဖြင့် ယခုကဲ့သို့ နှမ်းဈေးကျချိန်တွင် ကျပ်သိန်း ၁၀၀ ကျော်မှ ၂၀၀ အထိ ထိခိုက်နစ်နာကြကြောင်းသိရသည်။

မကွေးမြို့ ငြိမ်းမာန်ပွဲရုံပိုင်ရှင် ဒေါ်မြဝေက "အရင်နှစ်တွေက ဒီလောက်ကြီး ဈေးမကျဖူးပါဘူး။ အရင်နှစ် အခုအချိန်က မျိုးချိန်ဖြစ်လို့သွက်တယ်။ အခုက ရောင်းလို့ကိုမကောင်းတာ။ အခြေအနေကတော့ မခန့်မှန်းတတ်ဘူး။ လမ်းပန်းဆက်သွယ်ရေးကြောင့်လားလည်းမသိဘူး။ အရင်နှစ်က မျိုးချိန် စမုန်နက်နှမ်း တစ်တင်းကျပ်တစ်သိန်းထိအောင်ရောင်းရတယ်။ အခုက နှမ်းလှောင်တဲ့သူတိုင်းရှုံးကြတယ်"ဟုပြောသည်။ ဒေသခံတောင်သူများမှာ ယခုလက်ရှိတွင် မြေပဲ၊ နှမ်းများ စိုက်ပျိုးပြီးစီးကြသည့်အပြင်ဧရာဝတီမြစ် အနောက်ဘက်ရှိ စလင်း၊ ပွင့်ဖြူ၊ မင်းဘူးစကုမြို့နယ်တို့က တောင်သူများမှာ နွေနှမ်းကို ဇွန်လကုန်တွင် ရိတ်သိမ်းကြမည်ဖြစ်သည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/education/9457623

## ရန်ကုန်သို့ ဆန်အဝင်နည်း၍ ပြည်ပပို့ဆန် ဈေးတက်



ရန်ကုန်ဆန်ဈေးကွက်အတွင်းသို့ နယ်ဒေသများမှ ဆန်ဝင်ရောက်မှု လျော့ကျလာခြင်းကြောင့် ပြည်ပသို့အဓိကတင်ပို့နေသော ဆန်အမျိုးအစားများ ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။ ပြည်ပသို့အဓိက တင်ပို့နေသော ဧည့်မထဆန်များ၏ဈေးနှုန်းသည် တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့် မြင့်တက်လာပြီး ပြည်တွင်း၌ အဓိကစားသုံးသည့် ဆန်ချောများမှာမူ အရောင်းအဝယ်အေးနေသည့်အတွက် ဈေးမတက်သော်လည်း အမြင့်ဈေးဖြင့် ငြိမ်သက်နေကြောင်း ရန်ကုန်ဆန်ဈေးကွက်အတွင်းမှသိရသည်။ "ဆန်ဈေးဘယ်လိုဖြစ်လာမလဲလို့တော့ တွက်ရတော့ခက်တယ်။ ဒါပေမဲ့ လှောင်လက်တွေက ထုတ်ရောင်းလာမယ်ဆိုရင်တော့ ဈေးကွက်တစ်မျိုးပြောင်းသွားနိုင်တယ်" ဟု ဆန်ကုန်သည် ဦးသန်းဦးကပြောသည်။ လတ်တလော ပြည်ပဆန်တင်ပို့မှုမှာ ပုံမှန်ရှိနေပြီး ပြည်ပပို့ဆန်အရောင်းအဝယ်မှာလည်း ကောင်းမွန်နေကြောင်း ၎င်းကပြောသည်။

ရန်ကုန်ဆန်ဈေးကွက်အတွင်းသို့ နယ်ဒေသများမှ ဆန်ဝင်ရောက်မှုသည် ယခင်က တစ်ရက်လျှင် ဆန်အိတ်ရေ ရှစ်သောင်းခန့်ဝင်ရောက်ခဲ့ရာမှ ယခုအခါ ဆန်အိတ်ရေ ငါးသောင်းခန့်သာဝင်ရောက်ကြောင်း ရန်ကုန်၏အဓိကဆန် ဈေးကွက်များဖြစ်သော ဘုရင့်နောင်နှင့် ဝါးတန်းဆန်ကုန်စည်ဒိုင်များထံမှသိရသည်။ နိုင်ငံတစ်ဝန်း၌ ယခုနှစ်စပါးစိုက်ရာသီအတွင်း ပြည်ပပို့ဆန်အမျိုးအစားစပါးစိုက်ပျိုးမှု နည်းပါးပြီး ဆန်ချော စပါးစိုက်ပျိုးမှုများပြားသည့်အတွက် လာမည့်ဆန်အရောင်းအဝယ်ရာသီအတွင်း ပြည်ပပို့ ဆန်ဈေးကောင်းနိုင်ကြောင်း ဆန်ကုန်သည်များက သုံးသပ်ပြောကြားသည်။ လက်ရှိဆန်ဈေးကွက်အတွင်း ပြည်ပသို့အဓိကတင်ပို့နေသော ဧည့်မထ ၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၅,၀၀၀-၂၆,၀၀၀၊ ၁၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၃,၅၀၀ ခန့်နှင့် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ၂၁,၅၀၀-၂၂,၀၀၀ ခန့်ဈေးရှိသည်။

ထို့အတူ ပြည်တွင်းစားသုံးသည့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၅,၀၀၀ ခန့်နှင့် ဖျာပုံ၊ ဒေးဒရဲပေါ်ဆန်းဈေးနှုန်းများမှာ ကျပ် ၅၀,၀၀၀ ခန့်ဈေးရှိကြောင်း ရန်ကုန်ဆန်ဈေးကွက်အတွင်းမှသိရသည်။ ရန်ကုန်ဆန်ဈေးကွက်သည် ကိုဗစ်အပြင်းအထန်ဖြစ်ပွားခဲ့သည့် ဧပြီနှင့်မေလအတွင်း အစိုးရ၏ကန့်သတ်ချက်များကြောင့် အရောင်းအဝယ်မကောင်းခဲ့သည့်အတွက် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းမရှိပေ။

**Source:** https://myanmar.mmtimes.com/news/140088.html

## အစိုးရက တန်ဖိုးနည်း/သင့် အိမ်ခန်းပေါင်း ၁၇၀၀ ကျော် ရောင်းချပေးမည်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ဖိုးနည်း/သင့် အိမ်ခန်းပေါင်း ၁၇၅၇ ခန်းကို ကိုဗစ်ကာလအထူးအစီအစဉ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာလိုက်သည်။ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၌ ၂၀၂၀ ဧပြီလကုန်ထိ စုဆောင်းငွေ အနည်းဆုံးကျပ်သိန်း ၃၀ စုဆောင်းထားရှိသူများအနက် ဝယ်ယူလိုသူများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။ ဧပြီလကုန်ထိ စုဆောင်းငွေပြည့်မီသူအရေအတွက် ၄၈၅၄ ဦးရှိပြီး ယခင်ရောင်းချသည့်ချိန်က အခန်းမလုံလောက်၍ ဝယ်ယူရန်အမည်စာရင်းပေးသွင်းထားသူများကို ဦးစားပေး ရောင်းချသွားမည်ဖြစ်ကြောင်း၊ ထပ်မံစာရင်းသွင်းသူများကို မဲနှိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းလည်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ''အရင်တစ်သုတ်(၂၀၁၉ အောက်တိုဘာ ၄ ရက်) မဲနှိုက်ရောင်းတုန်းက စာရင်းပေးထားပြီး အခန်းမလောက်လို့ကျန်ခဲ့တဲ့သူ ၈၀ ကျော်ရှိတယ်၊ ဒီထဲက စာရင်းပါတဲ့ ၇၀ ကျော်ကို ဦးစားပေးရောင်းပေးမယ်၊ ကျန်တဲ့အခန်းတွေကို အခုစာရင်းသွင်းလာတဲ့သူတွေကို အိမ်ရာအလိုက် မဲနှိုက်ရောင်းပေးမယ်''ဟု ၎င်းကဆိုသည်။ စောင့်ဆိုင်းစာရင်းတွင် ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း(၁) ၌ ၆ ခန်းတွဲ ၅ ထပ် အဆောက်အဦးမှ အခန်းဝယ်ရန် စာရင်းပေးသွင်းထားသူ ၃၃ ဦး အနက် ငွေစုဆောင်းအမှတ်စဉ်တွင် ပါရှိသူ ၂၀ ဦး အားလည်းကောင်း၊ အဆိုပါအိမ်ရာ၌ပင် ၈ ခန်းတွဲ ၅ ထပ် အဆောက်အဦမှ အခန်းဝယ်ရန်စာရင်းပေးထားပြီး ငွေစုဆောင်းအမှတ်စဉ်တွင် ပါရှိသူ ၄၇ ဦးအားလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြေညာထားသော စုဆောင်းငွေပြည့်မီသူများ စာရင်းတွင်ပါဝင်သူများအနေဖြင့် အိမ်ခန်းများဝယ်ယူလိုပါက 'DUHD Sale Housing' Facebook Messenger မှတစ်ဆင့် ဇွန်လ ၈ ရက် မှ ၂၆ ရက်အတွင်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း စာရင်းပေးသွင်းသူများသာ အကျုံးဝင်မည်ဖြစ်သည်။ ရောင်းချမည့်အိမ်ခန်းများတွင် အခန်းအကျယ်အဝန်း စတုရန်းပေ ၃၂၄ မှ ၁၁၀၀ ထိ ကျယ်ဝန်းသော အခန်းအမျိုးအစား ၉ မျိုးကို အိမ်ရာ စီမံကိန်းများအလိုက် ရွေးချယ်လျှောက်ထားဝယ်ယူနိုင်မည်ဖြစ်သည်။ စာရင်းပေးသွင်းရာတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ လျှောက်ထားလိုသည့် အိမ်ရာစီမံကိန်းအမည်၊ အဆောက်အဦအမျိုးအစား၊ CHID Bank ၏ Down payment နံပါတ်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာဖော်ပြပေးရမည်ဖြစ်သည်။ ''အခုမှအွန်လိုင်းကစလုပ်တာဆိုတော့ အခက်အခဲနည်းနည်းရှိတယ်၊ စာရင်းသွင်းတဲ့နေရာမှာ စာလုံး ဖောင့်မတူတာတွေ၊ အချက်အလက်မပြည့်စုံတာတွေရှိနေတယ်၊ ဒါတွေကို အဆင်ပြေအောင်ပြန်ပြီး အသိပေးတာ အချက်အလက် ပြန်တောင်းတာတွေတော့ လုပ်ပေးနေပါတယ်''ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မဲနှိုက်ရောင်းချပေးမည့် အစီအစဉ်များကို လူစုလူဝေးဖြစ်ပေါ်ခြင်းမှ ရှောင်ကျဉ်နိုင်ရန် 'DUHD Sale Housing' Facebook Page နှင့် CHIDB Facebook Page များမှ ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။ ရောင်းချမည့်စီမံကိန်းများ၏ အချက်အလက်များဖြစ်သော တည်နေရာ၊ အဆောက်အဦအမျိုးအစား၊ အခန်းအကျယ်အဝန်းနှင့် ဈေးနှုန်းတို့ကိုလည်း အဆိုပါ Facebook Page တွင်ကြေညာထားသည်။ မြို့နယ်အလိုက် ရောင်းချပေးမည့် အိမ်ရာစီမံကိန်းများမှာ လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်းအိမ်ရာစီမံကိန်း အပိုင်း(၂)၊ (၃)၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်း၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းနှင့် ကျန်စစ်သားလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်အနီးရှိ Commercial Area တို့ဖြစ်သည်။ ယင်းအပြင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ကနောင်အိမ်ရာနှင့် ရိုးမအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အောင်မြင့်မိုရ်အိမ်ရာနှင့် သန်လျင်၊ ကျောက်တန်းမြို့နယ်ရှိ သီလဝါအိမ်ရာတို့ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140084.html

## ရေကြည်မြို့နယ်မှ အသေးစားအလတ်စားလုပ်ငန်းရှင်များ ချေးငွေများလိုအပ်နေ




ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်က ကြိမ်၊ ဝါးနဲ့ဖေဒါလက်မှု အသေးစားအလတ်စား လုပ်ငန်းရှင်တွေ လုပ်ငန်းတွေ ဆက်လက် ထိန်းသိမ်း လည်ပတ်နိုင်ဖို့ အတွက် S.M.E ချေးငွေတွေ လိုအပ်နေတယ်လို လုပ်ငန်းရှင်တွေ က ပြောပါတယ်။ ကိုဗစ်ကာလအပြီး လမ်းပန်းဆက်သွယ်ရေးတွေ စတင်နေပြီ ဖြစ်သလို လက်မှုလုပ်ငန်းတွေလည်း ပြန်လည်လုပ်ကိုင်နေပြီလိုဆိုပါတယ်။ ပြည်ပတင်ပို့တဲ့ အမှာစာတွေမရရှိပေမယ့် အလုပ်သမားတွေရဲ့ စားဝတ်နေရေး အတွက် အလုပ်တွေပြန်လည်ဖွင့်လှစ်ခဲ့ရတာလို့ လက်မှုလုပ်ငန်းရှင် ဦးအောင်လွင်ကပြောပါတယ်။

“Covid–19 ကာလမှာ ပိတ်ထားတဲ့ လုပ်ငန်းတွေမှာ အခြေခံလုပ်သားတွေ ရေရှည်လက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ထိန်းတားနိုင်ဖို့အတွက်ကတော့ S.M.E ချေးငွေနဲ့ပတ်သက်ပြီး အခုအချိန်မှာပိုပြီး တကယ်လိုအပ်တယ်” လို့ အောင်မိသားစု ကြိမ် ၊ ဝါး၊ ဖေဒါလက်မှုလုပ်ငန်းရှင် ဦးအောင်လွင်ကပြောပါတယ်။ ကိုဗစ်ကာလအတွင်း ရေကြည်မြို့က အသေးစားအလတ်စား လုပ်ငန်းရှင်တွေဟာ အလုပ်သမားတွေကို ထောက်ပံ့ခဲ့ရသလို ကုန်ကြမ်းပစ္စည်းအတွက်နဲ့ ထုတ်လုပ်ထားတဲ့ လက်မှုပစ္စည်း တွေကို သိုလှောင်ဖို့အတွက် ငွေကြေးများစွာ မြှုပ်နှံခဲ့ရတာလို့ သိရပါတယ်။ လက်မှုလုပ်ငန်းတစ်ခုမှာ လုပ်သား (၅၀) လောက်နဲ့ လည်ပတ်နေတာဖြစ်ပြီး အဲဒီအလုပ်သမားတွေအတွက် အလုပ်ကိုင်ဖန်တီးပေးနိုင်ဖို့လည်း ချေးငွေလိုအပ်နေတယ်လို့ လက်မှု လက်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဦးခင်ညွန့်ကပြောပါတယ်။ “အလုပ်သမားတွေ အလုပ်ရရေးအတွက်ပံ့ပိုးမှုပေးဖို့ ငွေလိုအပ်ချက် ရှိပါတယ်။ ဘာလို့လဲဆို လက်ရှိလည်း အလုပ်ကလုပ်သာနေတယ် ဈေးကွက်ကမရှိသေးပါဘူး။ အဲ့ဒီအတွက် အလုပ်ကနေ ထွက်လာတဲ့ ကြိမ်ဝါးထည်တွေကို သိုလှောင်ဖို့တွက်လည်း ငွေကြေးတွေကလိုပါတယ်” လို့ ဦးခင်ညွန့်ကပြောပါတယ်။

အခုနှစ်လဆန်းကစပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံအားလုံးနီးပါး Covid 19 ရောဂါကူးစက်ပြန့်နှံ့ခဲ့တာကြောင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းတွေ ရပ်တန့်ခဲ့ရပြီး ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်လုပ်ငန်းတွေ ထိခိုက်ခဲ့ရပါတယ်။ ခရီးသွား လုပ်ငန်းနဲ့ ဆက်စပ်လုပ်ငန်းတွေမှာ လက်မှုလုပ်ငန်းလည်းပါဝင်တာကြောင့် မြန်မာ့အသေးစားအလတ်စားလုပ်ငန်းတွေပါ ထိခိုက်ခဲ့ရတာဖြစ်ပါတယ်။ ရေကြည်မြို့နယ်မှာ ကြိမ်၊ဝါး၊ ဖေဒါ အသေးစား အလတ်စားလုပ်ငန်းရှင် (၃၇)ဦးရှိပြီး လုပ်ငန်း လုပ်ကိုင်ကြတဲ့ လုပ်သား (၃၀၀၀) ခန့်ရှိတယ်လို့ ရေကြည်မြို့နယ် ကြိမ်၊ ဝါးလုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ဝင် တစ်ဦးကပြောပါတယ်။ “အစိုးရက ချေးငွေထောက်ပံ့ပေးမယ်ဆိုရင် လုပ်ငန်းထဲကလုပ်သားအများစုကို ထိန်းသိမ်းပေးရာ ရောက်ပြီးတော့ ဒီလုပ်ငန်းကို ပြန်လည်တည်မတ်နိုင်မယ်” လို့ မြန်မာနိုင်ငံ ကြိမ်၊ ဝါးလုပ်ငန်းအသင်းအကြံပေး ဦးစိုးနိုင်က အကြံ ပြုပါတယ်။ Covid 19 ကပ်ရောဂါကြောင့် လုပ်ငန်းထိခိုက်မှုတွေရှိခဲ့တဲ့ မြန်မာ့အသေးစား အလတ်စားလုပ်ငန်းတွေကို JICA Two Step Loan ချေးငွေအစီအစဉ်ကနေ ကျပ်ငွေ (၆၄) ဘီလီယံ ထုတ်ချေးသွားမယ်လို့ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အခုလထဲမှာ ကြေညာထားပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းမှ ငါးမွေးမြူရေးတောင်သူများအား ငါးသားပေါက်များ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းမှ ဒေသတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက် မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်မွေးမြူနိုင်ရေးအတွက် ငါးသားပေါက်များကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက် ရှိကြောင်းသိရသည်။ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းစခန်းသည် ငါးသယံဇာတကြွယ်ဝစေရန်နှင့် ဒေသတွင်းရှိ ငါးမွေးတောင်သူများ တစ်ပိုင်တစ်နိုင် မျိုးကောင်းမျိုးသန့် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် လာစေရန်ရည်ရွယ်၍ နှစ်စဉ်ငါးမွေးမြူရေး ကန် ၂၇ ကန်ဖြင့် ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားဗီးယား ငါးမျိုးများကို ဆေးထိုးသားဖောက်နည်း၊ သဘာဝနည်းများဖြင့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များထုတ်လုပ်ကာ

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ၊ ငဖဲ၊ မင်းလှ၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ဆော စသည့်မြို့များသို့ ငါးမွေးတောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် သဘာဝရေပြင်များ၊ ဆည်ရေလှောင်တမံများ၊ စပါးစိုက်လယ်မြေများနှင့် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ငါးသားဖောက်ထုတ်လုပ်နိုင်မှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှငါးသားပေါက်ကောင်ရေ သိန်း ၅၀ မှ သိန်း ၆၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီးတွင် မျိုးကောင်းမျိုးသန့် ငါးသားပေါက်ထုတ်လုပ်လျက်ရှိသည့် ငါးလုပ်ငန်းစခန်းနှစ်ခုရှိပြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းအနေဖြင့် နှစ်စဉ်ငါးသားပေါက်များထုတ်လုပ်ကာ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးဉာဏ်ဝင်းထံမှ သိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## တရုတ်သို့တစ်သျှူးငှက်ပျောနှင့် ကွဲနွားအရှင်တင်ပို့ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့်အဆင့်ရောက်

တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောနှင့် ကွဲနွားအရှင်တင်ပို့မှု နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့်အဆင့်ရောက်ရှိနေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ "တစ်သျှူးငှက်ပျောဆိုရင် နှစ်နိုင်ငံလက်မှတ်ထိုးဖို့ပြင်ဆင်နေပြီ။ MoU လက်မှတ်ထိုးနိုင်တဲ့အဆင့်ကို ရောက်သွားပြီ။ကွဲနွားအရှင်တင်ပို့တာကလည်း လက်မှတ်ထိုးဖို့အဆင့်လောက်ထိရောက်သွားပြီ"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်သို့ပြောသည်။ ယင်းသို့နားလည်မှုစာချွန်လွှာလက်မှတ်ထိုးနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရန် ဇွန်လ ၈ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်းသိရသည်။ "လက်ရှိမှာတော့ ငှက်ပျောသီးတို့ကွဲနွားအရှင်တင်ပို့တာတွေက တင်ပို့နေဆဲပါပဲ။ နှစ်နိုင်ငံလက်မှတ်ထိုးပြီးတာတော့မဟုတ်သေးဘူး။ တစ်ဖက်ကတင်ပို့နေသလို တစ်ဖက်ကလည်း နှစ်နိုင်ငံလက်မှတ်ထိုးဖို့လုပ်နေတာပါ။ လက်မှတ်ထိုးတဲ့လုပ်ငန်းစဉ်တွေကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်အောင်လည်း ဆွေးနွေးညှိနှိုင်းမှုတွေလုပ်နေပါတယ်။ တစ်ဖက်က ဝန်ကြီးဌာနကလည်းလုပ်နေတယ်။ သံတမန်နည်းလမ်းအရလည်း မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးက ဘေကျင်းမှာရှိတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ဆွေးနွေးတယ်။ နှစ်နိုင်ငံအကြားမှာဖြစ်နေတဲ့ ကုန်သွယ်မှုအခက်အခဲတွေကို နည်းလမ်းပေါင်းစုံနဲ့ ဆွေးနွေးဆောင်ရွက်နေတယ်" ဟု ဦးခင်မောင်လွင်ကပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ရေထွက်ကုန်ပစ္စည်းနှင့်သစ်သီးဝလံများအတွက် အရည်အသွေးစစ်ဆေးခြင်းများကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးရေး ၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှထွက်ရှိသည့် ပြောင်းစေ့များ ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ပေးရေးတို့ကိုဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဝဥ၊ လျှော်ဖြူ၊ ထောပတ်သီးစသည့် ပို့ကုန်အမယ်သစ်များအား တရုတ်နိုင်ငံဘက်သို့တင်ပို့ရာတွင် စိစစ်ဆောင်ရွက်မှုများကိုလည်း ဖြေလျှော့ပေးရေး ၊ နယ်စပ်ကုန်သွယ်မှုတွင် နှစ်ဖက်ကုန်သည်များအကြား ငွေပေးချေမှုဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့နေရသဖြင့် နှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေးတို့ကိုလည်း အဆိုပါဆွေးနွေးပွဲတွင်ဆွေးနွေးခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140117.html

## ဂျပန်နိုင်ငံက ဇန်နဝါရီမှ မတ်လအထိ ၃ လပတ် GDP ကို ပြင်ဆင်ခဲ့

၂၀၁၉ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံး ၃ လပတ်အတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ယခင်က ကြိုတင်တွက်ဆထားသကဲ့သို့ ဆိုးရွားခြင်းမရှိကြောင်းကို အစိုး၏ပြင်ဆင်ပြောင်းလဲတွက်ချက်ခဲ့သော ကိန်းဂဏန်းများအရ သိရပါသည်။

ဇန်နဝါရီလမှ မတ်လအထိ ၃ လပတ်ကာလအတွက် အမှန် GDP ကိန်းဂဏန်းသည်တစ်နှစ်စာ ပျမ်းမျှနှုန်းနှင့် နှိုင်းစာပါက အနှုတ် ၂.၂ % သို့ ကျဆင်းသွားခဲ့ကြောင်း၊ ကြိုတင်ခန့်မှန်းထားသည့် မေလတွင် အနှုတ် ၃.၄ % ရှိမည်ဟူသည့် ကနဦးတွက်ဆမှုလောက် ဆိုးရွားခြင်းမရှိကြောင်း အစိုးရအဖွဲ့ရုံးက သုံးသပ်ပြောဆိုခဲ့ပါသည်။

ယခုကဲ့သို့ ကြိုတင်ခန့်မှန်းမှုထက်သာလွန်သည့် ကိန်းဂဏန်းဖြစ်လာရသည်မှာ ကုမ္ပဏီများ၏ ပုံသေရင်းနှီးမြှုပ်နှံမှုရှိခြင်းက အဓိကအချက်ဖြစ်ပါကြောင်း၊ ယခင် ၃ လပတ်ကာလကထက် ၁.၉ %ခန့် မြင့်မားလာခဲ့ကြောင်းကို အခုတွက်ချက်ရရှိသည့် ကိန်းဂဏန်းများက သက်သေပြသနေပါကြောင်းဆိုပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကိုတုံ့ပြန်ရန် ဆေးဘက်ဆိုင်ရာကိရိယာများ ထုတ်လုပ်ရေးအတွက်ကုမ္ပဏီများက ငွေကြေးပိုမိုသုံးစွဲလာကြခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဧပြီလမှ ဇွန်လအထိ ၃ လပတ်ကာလတွင် အနှုတ်လက္ခဏာပြန်လည်သက်ရောက်နိုင်ပါကြောင်း ပြန်ဖြစ်လာလိမ့်မယ်လို့ စီးပွားရေးကျွမ်းကျင်သူများက တွက်ချက်သုံးသပ်ကြပါသည်။

အချို့သော ပုဂ္ဂလိကအဖွဲ့အစည်းများက မကြာသေးမီက နိုင်ငံအတွင်း အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးထိခိုက်ခဲ့ရမှုသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေး အကျပ်အတည်းအလွန် ကာလကထက်ပင် ပိုမိုဆိုးရွားနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းကြပါသည်။

**Source: The Cabinet Office of Japan, The Prime Minister's Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun, The NHK World**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မှုအရှိဆုံး ဥရောပနိုင်ငံများအနက် ဘယ်လ်ဂျီယံနိုင်ငံ အဆင့် (၅) ၌ ရပ်တည်ခဲ့ခြင်း

ပြီးခဲ့သည့်နှစ်အတွင်း၌ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၂၆၇) ခုကို ဆွဲဆောင်နိုင်ခဲ့ပြီး၊ အလုပ်အကိုင်အရေအတွက် (၅၄၀၁) ခုကို ဖန်တီးပေးနိုင်ခဲ့သည်ဟု Ernst & Young ၏ စစ်တမ်းအရသိရှိရကြောင်း၊ ထို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မှုအရှိဆုံးဥရောပနိုင်ငံများအနက် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့၏ နောက် တွင်အဆင့် (၅) နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် အဓိကရင်းနှီးမြှုပ်နှံသည့် ပြည်ပနိုင်ငံများအနက် အမေရိကန်နိုင်ငံ သည် စီမံကိန်းလုပ်ငန်းပေါင်း (၄၅) ခုဖြင့် အများဆုံးဖြစ်ပြီး၊ ပြင်သစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (၄၂) ခုဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုသိသိသာသာတိုးတက်လာသည့်ကဏ္ဍမှာ Clean Technologies ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အများဆုံးပြုလုပ်သည့်ကဏ္ဍများမှာ အရောင်းမြှင့်တင်ရေးလုပ်ငန်းကဏ္ဍတွင် ပရိုဂျက် (၁၀၅) ခု၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပရိုဂျက် (၆၀) ခုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်မှုကဏ္ဍတွင် ပရိုဂျက် (၅၁) ခုတို့ ဖြစ်ကြကြောင်း၊ အဆိုပါလုပ်ငန်းကဏ္ဍသုံးခုသည် ပြည်ပရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ (၈၀) ရာခိုင်နှုန်းကို ကိုယ်စားပြုထားကြောင်း၊ ဖလန်းဒါးဒေသမှာ ဘယ်လ်ဂျီယံနိုင်ငံတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မှုအရှိဆုံးဒေသအဖြစ် ဆက်လက်ရပ်တည်နေပြီး၊ စီမံကိန်းလုပ်ငန်းပေါင်း (၁၂၇) ခုရှိကြောင်း၊ ဘရပ်ဆဲလ်ဒေသမှာ စီမံကိန်း (၇၆) ခုဖြင့် တိုးတက်မှု (၂၅) ရာခိုင်နှုန်းရှိခဲ့ပြီး၊ ဝေါလိုးနီးယားဒေသမှာ စီမံကိန်း (၆၃) ခုဖြင့် (၃၃) ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**Source:** ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

# STOCK EXCHANGE (10.6.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 10th Jun. 2020


### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 1,912 | 21,029,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,800 | 3,850 | 3,800 | 3,248 | 12,344,900 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 104 | 843,400 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,500 | 23,000 | 1,115 | 25,647,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 1,042 | 2,917,600 | 12,823,224 | 35,905 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,700 | 2,650 | 4,680 | 12,623,350 | 19,977,223 | 52,940 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.40 | +7.14 | +1.60% | 445.28 | 457.90 | 445.28 | 12,101 | 75,406,250 | 6 | 676,121 |

### Index chart




## Market Overview

As of 1:00 pm, 10th Jun. 2020

| MYANPIX | 454.40 ▲ 7.14 |
|---|---|
| Total Volume (shares) | 12,101 |
| Total Value (MMK) | 75 mil |
| Listed Company | 6 |
| Market Cap. (MMK) | 676,121 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |